# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 15, 2019 Volume 17, Number 11


**၁၅.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၀၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၀/ကျပ် |
| CBM Rate | = ၁၅၃၂.၁/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၅.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၁.၉ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၂၈.၇ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၁.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၈.၃၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၈၆ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၉၆ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၄.၇၈ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၃၄၆ကျပ် |

Source: CBM Rate, Srtrategy First Journal


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## သွင်းကုန်ပြန်လည်မြင့်တက်လာ၍ ကန်ဒေါ်လာလဲနှုန်း ပြောင်းလဲနိုင်

ပြည်တွင်းငွေကြေးဈေးကွက်တွင် မတ်လဒုတိယပတ်က စတင်ပြီး အမေရိကန် ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်လာသည်။ တစ်ဒေါ်လာ ၁,၅၁၀ ကျပ်ခန့်တွင် တည်ငြိမ်ခဲ့သော ဒေါ်လာတန်ဖိုးသည် မတ်လ ၁၄ ရက် တွင် ၁,၅၂၀ ကျပ်သို့ မြင့်တက်လာသည်။ သွင်းကုန်ပိုင်းက ပြန်တက်လာတော့ နောက်တစ်ပတ်လောက်ဆိုရင် ဒေါ်လာက ပြန်တက်လာနိုင်ကြောင်း မြန်မာနိုင်ငံ မော်တော်ယာဉ်တင်သွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

ပြည်တွင်း၌ ဒေါ်လာတန်ဖိုးသာမက ရွှေဈေးလည်းမြင့်တက်လာပြီး မတ်လ ၁၃ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ဆယ်သိန်းခြောက်သောင်းသုံး ထောင်ဈေးဖွင့်သည်။ သွင်းကုန်ပမာဏက ပို့ကုန်ထက်များပြီး ကုန်သွယ်မှုလိုငွေရှိနေသောနိုင်ငံတွင် ဒေါ်လာတန်ဖိုး ကျဆင်းခြင်းက ပြည်ပမှ ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းမှုနည်းခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အချို့အတွက်ငွေဝင်လာခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း စီးပွားရေး လုပ်ငန်းရှင်အချို့ကခန့်မှန်းသည်။ မြန်မာနိုင်ငံသို့ နိုင်ငံခြားမှကုန်ပစ္စည်းများတင်သွင်းရာတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းတန်ဖိုးက ဒေါ်လာ ၂၂၃ သန်းကျော် လျော့နည်းပြီး လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းတင်သွင်းမှုက ဒေါ်လာသန်း ၂၀၀ ခန့်လျော့နည်းသည်။

အဆိုပါစာရင်းများက ၂၀၁၈ အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ မတ်လ ၁ ရက်အထိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများကို ပြီးခဲ့သည့် နှစ်ကာလတူနှင့်နှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိကာလများ၌ အထည်ချုပ်လုပ်ငန်းများအပါအဝင် နိုင်ငံခြားစီးပွားရေး လုပ်ငန်းများမှ လစာပေးရန် ဒေါ်လာများပြည်တွင်းသို့ဝင်လာချိန်တွင် ဒေါ်လာတန်ဖိုး ကျဆင်းလေ့ရှိသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

**Source:** http://www.7daydaily.com/story/152177

## ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့မှ ရော်ဘာဈေးနှုန်း ထိန်းချုပ်ရန် ပြည်ပသို့ ရော်ဘာတင်ပို့မှုလျှော့ချမည်

ကမ္ဘာတွင် ရော်ဘာအများဆုံးထုတ်လုပ်သည့် နိုင်ငံများဖြစ်သော ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားစသည့် နိုင်ငံသုံးနိုင်ငံသည် ကမ္ဘာ့ဈေးကွက်တွင် ရော်ဘာဈေးနှုန်းကျဆင်းနေမှုကို ရပ်တန့်နိုင်ရေးအတွက် လာမည့်ဧပြီလမှ စတင်၍ လေးလတာကာလအတွင်း ပြည်ပသို့ စုစုပေါင်းရော်ဘာတန်ချိန် ၂၄၀၀၀၀ လျှော့ချ၍ တင်ပို့ရောင်းချမည်ဖြစ်ပါသည်။

ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားစသည့် သုံးနိုင်ငံပါဝင်သော ITRC (International Tripartite Rubber Council) အစည်းအဝေးအပြီး လွှန်ခဲ့သော

ဖေဖော်ဝါရီလနောင်းပိုင်းတွင် ရော်ဘာတင်ပို့မှုကို လျှော့ချမည်ဟုထုတ်ပြန်ခဲ့ပါသည်။ သို့သော်လျှော့ချမည့် ပမာဏအတိအကျ နေ့ရက်နှင့် အချိန် ကာလတို့ မပါဝင်ခဲ့ပါ။ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့သည် ရော်ဘာတင်ပို့မှုနှင့်စပ်လျဉ်း၍ နောက်ဆုံးအကြိမ် အသေးစိတ်ဆွေးနွေးရန်အတွက် လွန်ခဲ့သောသီတင်းပတ်က ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ အစည်းအဝေးတစ်ခုကို ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးအပြီးတွင် ပူးတွဲကြေညာချက်တစ်ခုကိုလည်း ထုတ်ပြန်ခဲ့ပါသည်။ AETS (Agreed Export tonnage Scheme) အရ လာမည့်ဧပြီလမှစတင်၍ လေးလအတွင်း ပြည်ပသို့ရော်ဘာတင်ပို့မှုကို လျှော့ချမည်ဖြစ်ရာ ရော်ဘာတန်ချိန် ၂၄၀၀၀၀ ကို လျှော့ချတင်ပို့ရန် သုံးနိုင်ငံကသဘောတူညီခဲ့ကြပါသည်။

ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားစသည့် သုံးနိုင်ငံ၏ သဘာဝရော်ဘာထုတ်လုပ်မှုသည် ကမ္ဘာ့ထုတ်လုပ်မှု ပမာဏ၏ ၇၀ ရာခိုင်နှုန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်တွင် ရော်ဘာရောင်းလိုအားပိုလျှံမှုကြောင့် ရော်ဘာဈေးနှုန်း အညွှန်းကိန်းသည် Tokyo Commodity Exchange ၌ နိုဝင်ဘာလတွင် ၂၇ လ ဆက်တိုက်နိမ့်ကျခဲ့ပါသည်။ တစ်ချိန်တည်းတွင် ထိုင်းရော်ဘာ (Thai RSS-3) ဈေးနှုန်းသည်လည်း သုံးနှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ပါသည်။ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားသုံးနိုင်ငံသည် ၂၀၁၇ ခုနှစ် နောင်းပိုင်းတွင် ရရှိခဲ့သော သဘောတူညီချက်အရ သုံးလအတွင်း စုစုပေါင်း ရော်ဘာတန်ချိန် ၃၅၀၀၀၀ ကို လျှော့ချတင်ပို့ခဲ့ပါသည်။ ပြည်ပသို့ ရော်ဘာလျှော့ချတင်ပို့ခြင်း အပြင် သုံးနိုင်ငံအနေဖြင့် rubberized roads စသည့် ရော်ဘာဖွံ့ဖြိုးရေး အစီအမံများမှတစ်ဆင့် ပြည်တွင်းရော်ဘာ သုံးစွဲမှု သိသိသာသာမြှင့်တင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရန် သဘောတူခဲ့ကြောင်းသိရှိရပါသည်။

**Source: မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## Drone ဖြင့် လယ်ယာမြေဆေးဖျန်းခြင်း သရုပ်ပြ

Super Star Plus One Co., Ltd သည် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သဲခုံကျေးရွာတွင် တောင်သူ ဦးထွန်းသွင်၏ လယ်ဧက (၃၀၀)အား Drone ဖြင့်မြေသြဇာရည်ဖျန်းခြင်းလုပ်ငန်းကို ထိုင်းပညာရှင်များ အကူအညီဖြင့် ၁၃-၃-၂၀၁၉ ရက်နေ့တွင် သရုပ်ပြစမ်းသပ်မောင်းနှင်ခဲ့ပါသည်။အဆိုပါသရုပ်ပြလုပ်ငန်းစဉ်ကို စိတ်ပါဝင်စားသူတောင်သူ (၁၁၀)ဦးခန့် တက်ရောက်ခဲ့ပြီး တောင်သူများဘက်မှ လိုအပ်ချက်များကိုပြောကြားခြင်းနှင့် ကုမ္ပဏီဘက်မှ ပြုပြင်



ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းခြင်းတို့ ပါဝင်ပါသည်။ Drone အသုံးပြု မြေသြဇာဖျန်းခြင်း လုပ်ငန်းအတွက် အသုံးပြုသော Drone နှင့် မြေသြဇာမှာ ထိုင်းနိုင်ငံမှတင်သွင်းပြီး အဆိုပါ Drone သည် ဆေးရည်ဝင်ဆန့် လီတာ (၁၀)လီတာဖြင့် တစ်ကြိမ် ဖျန်းလျှင် (၅)ဧကနှုန်းဖြင့် တစ်ကြိမ်လျှင် ကြာချိန် (၁၀) မိနစ် ပျံသန်းနိုင်ပါသည်။

တောင်သူများဘက်မှပြန်လည်ဆွေးနွေးရာတွင် Drone အား Battery စနစ်မှ Solar စနစ်သို့ ပြောင်းလဲ ထုတ်လုပ်လျှင် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်းနှင့် Drone တန်ဖိုးမှာ မြန်မာကျပ်ငွေ (၁၅၀)သိန်းခန့်ဖြစ်သဖြင့် တောင်သူများအနေဖြင့် Drone အငှားစနစ်ဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကုမ္ပဏီဘက်မှလည်း Drone များရောင်းချပေးနိုင်ခြင်းမရှိသေးပဲ တစ်ဧကလျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် အငှားဆေးဖျန်းခြင်းစနစ်ကို ဆောင်ရွက်ပေးမည်ဖြစ်သည့် အပြင် အခြားလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း ထိုင်းနိုင်နည်းပညာနှင့် မျိုးစေ့များစိုက်ထုတ်၍ ကန်ထရိုက်လယ်ယာစနစ်ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။ လူအင်အားဖြင့် ဆေးဖျန်းခြင်းတွင် တစ်ဧကလုပ်သားခ ကျပ် ၁၅၀၀ ဖြစ်ပြီး Drone ဖြင့်ဆေးဖျန်းခြင်းအတွက် ဝန်ဆောင်ခ တစ်ဧကလျှင် ကျပ် ၂၅၀၀ ကျသင့်မည်ဖြစ်သော်လည်း ဘေးအန္တရာယ်ကင်းရှင်းခြင်း ဆေးနှံ့စပ်ခြင်း အချိန်ပိုမိုမြန်ဆန်ခြင်းစသည့် ကောင်းကျိုးများကိုရရှိမည်ဖြစ်ကြောင်းသိရှိရသည်။

**Source: ရေကုန်သွယ်မှုဗဟိုဌာန**

## ယခုနှစ် ငါးလကျော်တွင် ပြည်ပသို့ CMP ချုပ်ပြီး အထည်တင်ပို့မှုမှ ဒေါ်လာနှစ်ဘီလျံနီးပါးရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၈၈၀ ခန့် ပိုမိုရရှိကာ အများဆုံးတင်ပို့ထားသည့် ပို့ကုန်အဖြစ် ရပ်တည်နေ

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ်လ ၁ ရက်အထိ ပြည်ပသို့ CMP ချုပ်ပြီး အထည် တင်ပို့မှုမှ ဒေါ်လာနှစ်ဘီလျံနီးပါးရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၈၈၀ ခန့် ပိုမိုရရှိထားကာ ယခုနှစ်ပို့ကုန်ကဏ္ဍတွင် အများဆုံးတင်ပို့ထားသည့် ပို့ကုန်အဖြစ်ရပ်တည်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။



ဒီဘဏ္ဍာနှစ် မတ်လ ၁ ရက်အထိပေါ့။ အထည်ချုပ် (ချုပ်ပြီး အထည်) တင်ပို့မှုကနေ ဒေါ်လာ ၁ ဒသမ ၉၃၂ ဘီလျံရရှိ ထားတယ်။ ယခင်နှစ်ကာတူနဲ့နှိုင်းယှဉ်ရင် ဒေါ်လာ ၈၇၈ သန်း ပိုမိုတင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် လက်ခစား စနစ်ဖြင့် ချုပ်လုပ်ခြင်းဖြစ်သဖြင့် ချုပ်ခအနေဖြင့် ၁၀ ရာခိုင်နှုန်း ခန့်သာရရှိကြောင်းသိရသည်။ မြန်မာနိုင်ငံက ချုပ်ခကို ဝင်ငွေအနေနဲ့ရတာ။ ဒါက ပျမ်းမျှအနေနဲ့ပြောတာပါ။ တချို့ဆို ရှစ်ရာခိုင်နှုန်းလောက်ပဲရတဲ့သူတွေရှိတယ်။ တချို့ဆို ၁၂ အထိရတဲ့သူတွေ ရှိတယ်။ High Value Price ဆို နည်းနည်းပိုရတာပေါ့။ အရည်အသွေးကောင်းပြီး သေချာချုပ်ထားတာကတော့ ၁၂ ရာခိုင်နှုန်းလောက်ရတယ်။ အရမ်းပေါပေါလောလောကြီးနဲ့ သိန်းနဲ့ချီပြီးအပ်ပြီး ချုပ်ခအရမ်းနဲတဲ့ဟာတွေက ရှစ်ရာခိုင်နှုန်းလောက်ပဲရတယ်။ ဒါကြောင့်မို့ ပျမ်းမျှကို ၁၀ ရာခိုင်နှုန်းလို့ ပြောတာဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်ကပြောကြားသည်။

လက်ရှိတွင် CMP လက်ခစားလုပ်ငန်းများမှ နှစ်စဉ်ဝင်ငွေ ဒေါ်လာသန်း ၃၀၀ ခန့်သာရှိသော်လည်း အဆိုပါ လုပ်ငန်းများကို FOB စနစ် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေါ်လာသုံးဘီလျံအထိ နိုင်ငံ့ဝင်ငွေရရှိလာမည် ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှသိရသည်။ CMP ကနေ FOB ပြောင်းမယ်ဆိုရင် အကောက်ခွန်ပေါ့။ ပစ္စည်းသွင်းလာတဲ့အခါမှာ သွင်းလာတဲ့ပစ္စည်းက Re – export ပြန်လုပ်တဲ့အတွက် အကောက်ခွန်ပေးစရာမလိုဘူး။ ဒါပေမဲ့လည်း FOB လုပ်တယ်ဆိုရင် သွင်းလာတဲ့အချိန်မှာ အကောက်ခွန် အရင်ပေးရမယ်၊ ပြီးရင်ထုတ်လုပ်မယ်၊ ပြီးလို့ရှိရင် Export လုပ်တဲ့အခါမှာ ဒါကိုပြန်လျှော့ပြီး ပြန်ပြီးတော့ အကောက်ခွန်ပြန်ရမှာပါ။ အဲဒီလိုလုပ်ငန်းစဉ်ကိုဖြစ်နိုင်ရင် ပိုလွယ်ကူအောင် ဘယ်လိုနည်းရှိလဲဆိုတာ စဉ်းစားစေ ချင်တယ်။ အခုဆိုရင် ကျွန်မတို့ရဲ့ CMP လုပ်ငန်းကအထည်ချုပ်ရှိတယ်။ ဖိနပ်၊ ဆံပင်တုရှိတယ်။ ဒါတွေ အကုန်လုံးက ကျွန်မတို့နိုင်ငံရဲ့ အလုပ်အကိုင်ဖန်တီးမှုက အားလုံးဆိုရင် ခြောက်သိန်းကျော်လောက်ရှိတယ်။ နိုင်ငံ့ဝင်ငွေဆိုလည်း စုစုပေါင်းဒေါ်လာသုံးဘီလျံလောက်ရှိတယ်။ ဒါပေမဲ့ ဒါတွေဟာ ကျွန်မတို့ရဲ့ ဝင်ငွေမဟုတ် ဘူး။ ကျွန်မတို့က ဒီဟာရဲ့ ၁၀ ရာခိုင်နှုန်းလောက်ပဲ ဝင်ငွေရတယ်။ တကယ်လို့များ ကျွန်မတို့ဟာ FOB ပြောင်းနိုင်ခဲ့ရင် ဒေါ်လာသုံးဘီလျံက ကျွန်မတို့နိုင်ငံရဲ့ ဝင်ငွေဖြစ်သွားမှာဖြစ်ကြောင်း ဒေါ်ခိုင်ခိုင်နွယ်က ပြောကြား သည်။

ပြည်ပမှ ကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်း၌ ကုန်ချောထုတ်ကာ ပြည်ပသို့ ပြန်လည်တင်ပို့သည့် CMP

လက်ခစားစနစ်ကို ၁၉၉၇ ခုနှစ်က အထည်ချုပ်လုပ်ငန်းနှင့် စတင်ခဲ့ပြီး လက်ရှိတွင် ဖိနပ်၊ အိတ်ချုပ်လုပ်ငန်း၊ ပလတ်စတစ်ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ ဆံပင်အတုလုပ်ငန်းများအပြင် စုစုပေါင်း လုပ်ငန်းပေါင်း ၇၀ ကျော်အထိရှိကြောင်းသိရသည်။

**SOURCE: HTTPS://NEWS-ELEVEN.COM/ARTICLE/90461**

## ဒုတိယအကြိမ် ကျောက်စိမ်းထိပ်သီး အစည်းအဝေးတွင် မြန်မာ-တရုတ် သဘောတူညီချက်ငါးချက် လက်မှတ်ရေးထိုး



နေပြည်တော်၌ ပြုလုပ်သည့် ဒုတိယအကြိမ် အာရှဒေသတွင်း ကျောက်စိမ်းထိပ်သီးအစည်းဝေးတွင် မြန်မာနိုင်ငံကျောက်စိမ်း အချောထည်ဈေးကွက် ပိုမိုခိုင်မာစေရေးအပါအဝင် သဘောတူညီချက်ငါးချက်ကို မြန်မာနှင့်တရုတ်ကုမ္ပဏီများ လက်မှတ်ရေးထိုးခဲ့သည်။ မတ်လ ၁၄ ရက်က နေပြည်တော် Hotel Max ၌ ပြုလုပ်သည့် အဆိုပါအစည်းဝေးတွင် ကျောက်စိမ်းအချောထည်လုပ်ငန်းလုပ်ကိုင်နေသည့် တရုတ်ကုမ္ပဏီ ၂၀ ကျော်ပါဝင်သောအဖွဲ့နှင့် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

သဘောတူညီချက်များအဖြစ် အဖိုးတန်သယံဇာတပစ္စည်းများကို ပြည်သူအများစုအကျိုးဖြစ်ထွန်းစေမည့် တာဝန်ခံမှု ရှိသော စီးပွားရေး အသိုက်အဝန်းတစ်ရပ် တည်ဆောက်ရန်၊ ကျောက်စိမ်း အချောထည်နှင့် လက်ဝတ်ရတနာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းဈေးကွက် ခိုင်မာတောင့်တင်းရန်နှင့် ပြည်ပသို့ထိုးဖောက်ဝင်ရောက်နိုင်ရန်စသည့် အချက်များပါဝင်သည်။ ထို့အပြင် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကျောက်စိမ်း အချောထည်ကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံခြားငွေ ပိုမိုရရှိကာ ကုန်သွယ်မှုလိုငွေပြမှုကို လျှော့ချပေးနိုင်မည့် အချက်များလည်း ပါဝင်ကြောင်း အခမ်းအနားထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံဟာ သယံဇာတထုတ်ကုန် ဘယ်ကမ္ဘာ့နိုင်ငံနဲ့မှမတူအောင် မြောက်မြားစွာထွက်ရှိတဲ့ နိုင်ငံဖြစ်တယ်ဆိုတာ အားလုံးသိရှိတဲ့ အတိုင်းဖြစ်ပါတယ်။ အများကြီးထွက်ပေမယ့်လည်း ကျွန်တော်တို့ရဲ့ဈေးကွက်၊ ကျွန်တော်တို့ရဲ့နည်းပညာ အခြေအနေ ကတော့ မိရိုးဖလာအဆင့်မှာပဲရှိနေသေးကြောင်းဟု မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက ပြောသည်။

ယင်းသို့ နည်းပညာလိုအပ်ချက်များ အပါအဝင် နိမ့်ကျနေသည့် ဈေးကွက်မြှင့်တင်နိုင်ရေးနှင့် တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ကာ ပြည်ပသို့ထိုးဖောက်ဝင်ရောက်နိုင်ရေး ယခုဖိုရမ်ကိုကျင်းပရခြင်းဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာရဲမြင့်ဆွေကပြောသည်။ ထို့အပြင် လုပ်ငန်းရှင်များအနေဖြင့် နည်းပညာဆန်းသစ် တီထွင်မှုများဖြင့် ကျောက်မျက်ရတနာကဏ္ဍ တိုးတက်ရေး ဆောင်ရွက်ရန်နှင့် လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အသက်မွေးဝမ်း ကျောင်း Vocational School များ တည်ထောင်နိုင်ရေး တိုက်တွန်းလိုကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကဆိုသည်။

**Source:** http://www.7daydaily.com/story/152180

## Re -Export သကြားတင်ပို့နေသည့် ကုမ္ပဏီများအနက် ၄၉ ခုကို မတ် ၃၁ ရက်အထိ ဆောင်ရွက်ခွင့်ပြုထားပြီး ကျန်ကုမ္ပဏီ ၅၄ ခုကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ခြောက်လပိတ်သိမ်း

Re -Export စနစ်ဖြင့် သကြားတင်ပို့နေသည့် ကုမ္ပဏီများအနက် ၄၉ ခုကို မတ် ၃၁ ရက်အထိ အမှန် တင်ပို့လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုထားပြီး ကျန်ကုမ္ပဏီ ၅၄ ခုကို Re-Export ကတ်ရပ်သိမ်းကာ ပို့ကုန် သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင် ခြောက်လပိတ်သိမ်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊

ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ယာယီဆိုင်းငံ့ပိတ်သိမ်းသည့်ကုမ္ပဏီများ စာရင်းပေးခြင်း အကြောင်းကြားစာအရသိရသည်။



ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ၂၀၁၉ခုနှစ် မတ် ၈ ရက် ရည်ညွှန်းပါစာအရ Re -Export စနစ်ဖြင့် သကြားတင်ပို့ခွင့်ပြုထားသော ကုမ္ပဏီများသည် ပို့ကုန်လိုင်စင် သက်တမ်းသုံးလ၊ ပထမအကြိမ် သက်တမ်းတိုးနှစ်လ၊ ဒုတိယအကြိမ် သက်တမ်းတိုးတစ်လ သက်တမ်းတိုးမြှင့်ခဲ့ပြီး စုစုပေါင်း လိုင်စင်သက်တမ်းကာလ ခြောက်လအတွင်း ပြီးပြတ်အောင် တင်ပို့နိုင်ခြင်းမရှိသည့် ကုမ္ပဏီ ၁၀၃ ခုအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ပိတ်သိမ်းခြင်း၊ Re -Export ကတ်ရုပ်သိမ်းခြင်း သို့မဟုတ် အခြားနည်းဖြင့် အရေးယူဆောင်ရွက်သွားရန် ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခဲ့ကြောင်းသိရသည်။

၂၀၁၉ ခုနှစ် မတ် ၁ ရက်တွင် ပြုလုပ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် ၇ /၂၀၁၉ ဆုံးဖြတ်ချက်အရ ပို့ကုန်သွင်းကုန်လိုင်စင် သက်တမ်းသုံးလ၊ ပထမအကြိမ် သက်တမ်းတိုး နှစ်လ၊ ဒုတိယအကြိမ် သက်တမ်းတိုး တစ်လသက်တမ်းတိုးမြှင့်ခဲ့ပြီး စုစုပေါင်း လိုင်စင်သက်တမ်းကာလ ခြောက်လအတွင်း ပြီးပြတ်အောင် တင်ပို့နိုင်ခြင်းမရှိသည့် ကုမ္ပဏီ ၁၀၃ ခုအား Re - Export ကတ်ရုပ်သိမ်းခြင်းဆောင်ရွက်ရန်၊ ဆောင်ရွက်ဆဲကုမ္ပဏီ ၄၉ ခုအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သုံးလပိတ်သိမ်းရန်နှင့် လုံးဝတင်ပို့ခြင်းမရှိသေးသည့် ကုမ္ပဏီ ၅၄ ခုအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ခြောက်လ ပိတ်သိမ်းပေးပါရန် အကြောင်းကြားခဲ့သည်။

ထို့ကြောင့် Re -Export စနစ်ဖြင့် သကြားတင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အထက် ဖော်ပြပါ ကုမ္ပဏီ ၁၀၃ ခုအနက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်သုံးလပိတ်သိမ်းမည့် သကြား ဆောင်ရွက်ဆဲ ကုမ္ပဏီ ၄၉ ခုအား ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်မှ ဇွန် ၁၀ ရက်အထိ လုပ်ငန်းရှင်မှတ်ပုံတင် ပိတ်သိမ်းပေးရန် ညွှန်ကြားချက်အရ ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်မှစတင်၍ ပိတ်သိမ်းထားကြောင်း အကြောင်းကြားခဲ့သည်ဟုသိရသည်။ အခြားတစ်ဖက်တွင်လည်း အထက်ပါပိတ်သိမ်းခဲ့သည့် ကုမ္ပဏီများမှာ ပို့ကုန်အမှတ်တင်ပို့ရန် ဆောင်ရွက်နေစဉ် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း တင်ပြလာမှုများအရ ပို့ကုန်သွင်းကုန်လုပ်ငန်းညှိနှိုင်းမှုအဖွဲ့ (EICC) တွင် ဆွေးနွေးခဲ့ရာ ၎င်းကုမ္ပဏီများအား ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်အထိ အမှန်တင်ပို့လုပ်ငန်းများရှင်းလင်း ဆောင်ရွက်ခွင့်ပြုသင့်ကြောင်းဆုံးဖြတ်ခဲ့ပြီး ဝန်ကြီးရုံးသို့ တင်ပြခဲ့ကြောင်းသိရသည်။ ထို့နောက်ခွင့်ပြုချက်အရ ၎င်းကုမ္ပဏီများအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပြန်လည်ဖွင့်လှစ်ပေးရန် အကြောင်းကြားလာမှုအပေါ် ၂၀၁၉ ခုနှစ် မတ် ၁၂ ရက် ညနေပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ပြီးဖြစ်သည်။

ထို့ကြောင့် ၎င်းကုမ္ပဏီများအား ပို့ကုန်သွင်းကုန်လိုင်စင်များ ပြန်လည်ခွင့်ပြုထုတ်ပေးနိုင်ပြီဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်ကာလအတွင်း စာရင်းရှင်းလင်းခြင်းမပြုနိုင်သည့် ကုမ္ပဏီများအား ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ ပြန်လည်စိစစ်ပေးပို့လာပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပိတ်သိမ်းနိုင်ရေး ဆက်လက်

ပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/90462

## တမူးကုန်သွယ်ရေးစခန်း ကုန်သွယ်မှုလျှာထားချက် ၁၆၅ ဒသမ ၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့




စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ- အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည့် တမူးကုန်သွယ်ရေးစခန်း၏ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်သွယ်မှုလျာထားချက် ပို့ကုန်ဒေါ်လာ ၆ သန်း၊ သွင်းကုန်ဒေါ်လာ သုည ဒသမ ၅ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၆ ဒသမ ၅ သန်းပေါ်တွင် ယာယီကုန်သွယ်မှု အမှန်စာရင်းအရ ပို့ကုန်ဒေါ်လာ ၁၀ ဒသမ ၆၇၅ သန်း၊ သွင်းကုန်ဒေါ်လာ သုည ဒသမ၁၀၂ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၀ ဒသမ ၇၇၇ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် ၁၆၅ ဒသမ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း တမူးကုန်သွယ်ရေးစခန်းမှသိရသည်။ အနီးစပ်ဆုံးကာလဖြစ်သည့် ၂၀၁၈ ခုနှစ် နို၀င်ဘာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ဒေါ်လာ သုည ဒသမ ၈၈၁ သန်း၊ သွင်းကုန်ပိုင်း တွင် ဒေါ်လာ သုည ဒသမ ၀၀၂ သန်း ပိုမို တင်ပို့/တင်သွင်းနိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏအနေဖြင့် ဒေါ်လာ သုည ဒသမ ၈၈၃ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခင်နှစ် ကာလ တူဖြစ်သည့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်း၌ ဒေါ်လာ ၇ ဒသမ ၆၄၅ သန်း ပိုမိုတင်ပို့သည်ကိုတွေ့ရှိရပြီး သွင်းကုန်ပိုင်းတွင် ဒေါ်လာ သုညဒသမ ၂၀၅ သန်း လျော့နည်းတင်သွင်းနိုင်ခဲ့ရာ ကုန်သွယ်မှုပမာဏ အနေဖြင့် ဒေါ်လာ ၇ ဒသမ ၄၄၀ သန်း ပိုမိုခဲ့သည်။

ပို့ကုန်ပိုင်းတွင် တမူးကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်ဖြစ်သော ကွမ်းသီး၊ ပန်းသီး၊ ကွမ်းသီးအစို၊ ကုလားပဲ၊ ကြက်သွန်ဖြူ၊ ငါးလေး ခြောက်၊ စားတော်ပဲ၊ စီးကရက်၊ ပဲပုပ်စေ့၊ ငရုတ်ကောင်း၊ ဘိလပ်မြေ၊ ဘိလပ်မြေအုတ်၊ သွပ်လိပ်နှင့် နန်းဖာလုံကုန်စုံတို့ကို ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းအနေဖြင့် ဂျုံမှုန့်နှင့် မော်တော်ဆိုင်ကယ်တို့ လျော့နည်းတင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ကုန်သွယ်မှုပမာဏပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် ကွမ်းသီး၊ ပန်းသီး၊ အုန်းသီး၊ ပဲပုပ်စေ့၊ ကြက်သွန်ဖြူ၊ ဘိလပ်မြေ နှင့် ဘိလပ်မြေအုတ်တို့ကို ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်း၌ ချည်၊ ချင်းခြောက်နှင့်ဆံပင်တို့ကို ပိုမိုတင်သွင်းနိုင် ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**SOURCE: မြန်မာတိုင်းမ်နေ့စဉ်**

## ဆော်ဒီအာရေးဗျကိုကျော်ပြီး ထိပ်တန်းစွမ်းအင်တင်ပို့သူနိုင်ငံ အမေရိကန်ဖြစ်လာဖို့ရှိနေ

ဆော်ဒီအာရေးဗျကိုကျော်တက်ပြီး အမေရိကန်ကတော့ ကမ္ဘာ့ထိပ်တန်း စွမ်းအင်တင်ပို့သူနိုင်ငံ ဖြစ်လာဖို့ ရှိနေပြီလို့ သိရပါတယ်။ ယခုနှစ်ကုန်လောက်မှာ ရေနံ၊သဘာဝဓာတ်ငွေ့ရည်၊ ဓာတ်ဆီလိုမျိုး ရေနံထွက်ကုန်တွေ ပြည်ပတင်ပို့မှုမှာ အမေရိကန်တို့အနေနဲ့ ဆော်ဒီအာရေးဗျကို ကျော်တက်သွားတော့မယ်လို့ စွမ်းအင်သုတေသနကုမ္ပဏီ Rystad Energy က ထုတ်ပြန်ပါတယ်။

ယင်းမှတ်တိုင်ကြောင့် အမေရိကန်တို့ကို ကမ္ဘာ့ဦးဆောင်ရေနံနဲ့ သဘာဝဓာတ်ငွေ့ရည်တင်ပို့သူ ဖြစ်လာစေဖို့ ရှိနေပြီဖြစ်ပါတယ်။ ဒါဟာ ၁၉၅၀ပြည့်နှစ်ကစလို့ဆော်ဒီအာရေးဗျတို့ ယင်းရဲ့ ရေနံကိုပြည်ပကို စတင်ရောင်းချနေခဲ့တဲ့ ကာလနောက်ပိုင်း ခုလိုမျိုး တစ်ကြိမ်မှဖြစ်မထားသေးဘူးလို့ Rystad က ထုတ်ပြန်ပါတယ်။ အမေရိကန်တို့ရဲ့ ရေနံထုတ်လုပ်မှုကတော့ ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်စုအတွင်း နှစ်ဆကျော်တက်လာပြီး အမြင့်ဆုံးအတိုင်းအတာတွေ

ရောက်ရှိနေခဲ့ပါတယ်။

**Source:** https://www.facebook.com/SFJWeekly/

## နိုင်ငံခြားသို့ မြန်မာကော်ဖီတင်ပို့မှု တိုးတက်မှုရှိလာ

မြန်မာနိုင်ငံ၏ နိုင်ငံခြားသို့ ကော်ဖီတင်ပို့မှုသည် ယခင်နှစ်တွေထက် ၂ ဆ၊ ၃ ဆ တိုးတက်လာကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်း (ရန်ကုန်အစုအဖွဲ့ )၏ ဉက္ကဋ္ဌ ဦးမောင်မောင်မင်းဇင်ကပြောသည်။ တိုးတက်လာတာ ကိန်းဂဏန်းတော့ သေချာမမှတ်မိဘူး။ ဒါပေမယ့် တိုးတက်မှုအရ ပြောရမယ်ဆိုရင် အများကြီး တိုးတက်လာတယ်လို့ပြောလို့ရတယ်။ အရင်၊ အရင်နှစ်တွေတုန်းကထက်ဆိုရင် ၂ ဆနီးပါး၊ ၃ ဆ နီးပါး တိုးတက်လာတယ်။ ဟိုးအရင်တုန်းကဆိုရင် ကော်ဖီကို တင်ပို့တယ်ဆိုတာ ဈေးနှုန်းကောင်းကောင်းမရဘူး။ အခုကြတော့ ဈေးနှုန်းကို နိုင်ငံတကာတန်းတူရတယ်။ တစ်ချို့ကော်ဖီတွေဆိုရင် နိုင်ငံတကာထက်ပိုပြီးရတာတွေရှိတယ်လို့ ၄င်းကဆိုသည်။ မတ်လ ၁၄ ရက်နေ့က ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် ဉာဏ်ကြီးရှင်ရှမ်းတောင်မြင့် ကော်ဖီလုပ်ငန်းရုံးချုပ်တွင်ပြုလုပ်ခဲ့သော မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ပြည်သူများပါ ပါဝင်နိုင်သည့် ကော်ဖီအရည်အသွေး အကဲဖြတ်ပွဲတွင် ပြောခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှုထုတ်လုပ်မှုအခြေအနေသည် အခြေအနေကောင်းဖြစ်လာပြီး ရလဒ်ကောင်းများရရှိလာပြီဖြစ်ကြောင်း ဉာဏ်ကြီးရှင် ရှမ်းတောင်မြင့်ကော်ဖီလုပ်ငန်း ဒါရိုက်တာ ဦးငွေထွန်းက ပြောသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနဲ့ပတ်သက်၍ မြန်မာနိုင်ငံသည် အရမ်းကို အခြေအနေကောင်းဖြစ်လာပါပြီဆိုတာ ပြချင်လို့ လည်း ကျွန်တော်တို့ ဒီပွဲလေးလုပ်ဖြစ်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အမှတ် ၉၀ ကျော်ရဖူးတဲ့ ကော်ဖီတစ်ခါမှ မထွက်ဖူးကြောင်း ၄င်းကပြောသည်။ ကော်ဖီအရည်အသွေးအကဲဖြတ်ပွဲတွင် ရှမ်းပြည်နယ်၊ ရှာင်မြို့နယ်မှ ထွက်ရှိ သည့် ကော်ဖီစေ့နမူနာ ၅ မျိုးကို စင်ကာပူနှင့်ဟောင်ကောင်တို့မှ အကဲဖြတ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမှ ကော်ဖီ မြည်းစမ်းမှုကျွမ်းကျင်သူများက အကဲဖြတ်ခဲ့ကြသည်။ ယနေ့အကဲဖြတ်ပွဲတွင် Geisha၊ Pink Bourborn၊ Yellow Cattura၊ Red Cataui နှင့် Saramon စသည့် ကော်ဖီ ၅ မျိုးကို အကဲဖြတ်ခဲ့ပြီး Geisha မျိုးသည် အမှတ် ၉၀ ကျော် ရရှိကာ အထူးတန်းဝင်ကော်ဖီအဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ရှိသော ကော်ဖီ များသည် ကော်ဖီအဆင့်သတ်မှတ်ချက် အမှတ် ၈၀ နှင့် အထက်တွင်ရှိပြီး အမေရိကန်၊ ကနေဒါ၊ ဂျပန်နိုင်ငံသို့ အဓိကတင်ပို့နေပြီး လက်ရှိတွင်နိုင်ငံခြားတင်ပို့မှုလည်း တိုးတက်နေလျှက်ရှိကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။

**Source:** http://www.mizzimaburmese.com/article/55392

## Thura News Views

### Myanmar and China to sign MOU on rice exports

Myanmar and China are soon to sign a Memorandum of Understanding on the export of rice into China, according to a report in the Myanmar Times. China is a major export market for Myanmar, particularly for agricultural products. Until now no formal agreement has been signed and much of the trade of the product remains informal. "We plan to sign the MoU for the export of rice and bro-ken rice to China by this month or next," U Aung Htoo, deputy minister for commerce was quoted as saying. He also added that negotiations are ongoing. Currently, Myanmar exports its rice to China based on a quota system. The move is part of plans to increase the level being sold over the border. Aung Htoo said that Myanmar must also improve the quality of its rice mills to ensure they meet international standards, in order to increase the level of exports.

## International School Yangon to open Nay Pyi Taw campus

International School Yangon is to open a new campus in the capital Nay Pyi Taw, with classes starting this September according to a Myanmar Times article. An official from the Ministry of Foreign Affairs was quoted as saying the move was being made because more than a dozen embassies are planning to move to the capital soon. The first class is to include 24 students from preschool to Grade 8 who will learn according to the American curriculum, the article said, adding that the school is on a 5.5-acre com-pound that will include classrooms, faculty housing and outdoor play areas. ISY's Yangon campus was first opened in 1952, and is a member of the East Asian Regional Council of Schools.

## Yangon call center stake acquired by EME Myanmar

Investment firm EME Myanmar has acquired an undisclosed stake in Yangon-based call center provider Lan Thit Masterpiece Limited. Lan Thit Masterpiece was established in May 2018, as a joint-venture between Japan's Masterpiece Group Ltd, and local company Lan Thit Innovation. "The time is right for a new call center in Myanmar," Hitoshi Ikeya, investment director of EME was quoted as saying in a report in Dealstreet Asia. "Companies are spending more on customer support as competition heats up, and consumers want better service". Lan Thit offers outsourcing services, as well as market research, customer surveys, marketing and social media management. The funds will be used to scale up operations. EME has already invested in Myanmar startups including Mote Poh, online marketplace Cars DB and the digital animation platform Joosk.

**Source: Thura Swiss News (Issue 357 Mar 14, 2019)**

## STOCK EXCHANGE (15.3.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 15th Mar. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,800 | 8,800 | 8,700 | 401 | 3,519,000 | 27,112,747 | 235,881 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 2,177 | 6,204,450 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 110 | 2,310,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.63 | +0.00 | +0.00% | 372.61 | 372.61 | 370.63 | 2,688 | 12,033,450 | 5 | 505,993 |


**Index chart**




# Market Overview

As of 1:00 pm, 15th Mar. 2019

| MYANPIX | 370.63 ▲ 0.00 |
|---|---|
| Total Volume (shares) | 2,688 |
| Total Value (MMK) | 12 mil |
| Listed Company | 5 |
| Market Cap. (MMK) | 505,993 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲0 |
| MTSH | 00002 | 2,850 | ▲0 |
| MCB | 00003 | 7,200 | ▲0 |
| FPB | 00004 | 21,000 | ▲0 |
| TMH | 00005 | 2,650 | ▲0 |